## စီစဉ်သူများ၏ ကျေးဇူးတင်လွှာ

မြန်မာ့ခေတ်သစ်ပန်းချီဆရာကြီး ဗဂျီအောင်စိုး ပန်းချီစာအုပ်ကို ကဏ္ဍအလိုက် တတ်နိုင်သမျှ စုံလင်အောင် ကြိုးစားထုတ်ဝေဖို့ စိတ်ကူးခဲ့ကြတာ ကြာပါပြီ။ ၁၉၉၀ ခုနှစ်မှာ ကွယ်လွန်ခဲ့တာ ဆိုတော့ ယခု ၃၄ နှစ်အကြာမှ ထုတ်ဝေနိုင်တာလည်း ဖြစ်ပါတယ်။

ယခု နှစ် (၁၀၀) ပြည့် စာအုပ် မတိုင်မီ အထိမ်းအမှတ်စာအုပ် အနေနဲ့ ကွယ်လွန်ခြင်း နှစ် (၂၀)ပြည့် တုန်းက ထွက်ရှိခဲ့ပြီး ဆရာဗဂျီအောင်စိုးကိုယ်တိုင် ရေးသားခဲ့တဲ့ ဆောင်းပါးများ၊ ဗဂျီအောင်စိုး လေ့လာသူ (Yin Ker) ရဲ့ ဆောင်းပါးနဲ့ ပန်းချီပုံများ ပါဝင်ခဲ့ပါတယ်။ စင်ကာပူနိုင်ငံ Gajah Gallery က ၂၀၂၃ ခုနှစ် ထုတ်ဝေတဲ့ စာအုပ်မှာတော့ အဲဒီ Centre of Pompidou မှာ ပြသခဲ့တဲ့ ပန်းချီကားများ၊ သရုပ်ဖော်ပုံ အချို့နဲ့ ပုံနှိပ်စာအုပ်တွေ ပါဝင်ပြီး အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေခဲ့ပါတယ်။ ၂၀၂၃ မှာ **ရိုးရာမှသည် ခေတ်သစ်သို့ စာမဲ့ကဗျာ** အပြင် ဆရာ ဗဂျီအောင်စိုးကိုယ်တိုင် ရေးသားခဲ့တဲ့ ဆောင်းပါးများကို စုစည်းပြီး **ဗဂျီအောင်စိုး စာပေါင်းစု** အဖြစ် စာနဒီစာအုပ်တိုက်ကပဲ မြန်မာဘာသာနဲ့ အသီးသီး ထုတ်ဝေခဲ့ကြပြီး ဖြစ်ပါတယ်။

ဆရာ ဗဂျီအောင်စိုး သက်ရှိထင်ရှား နေထိုင်ခဲ့စဉ် ၆၇ နှစ်တာကာလတစ်လျှောက် တာရာမဂ္ဂဇင်းမှာ သရုပ်ဖော်ပန်းချီ စတင် ရေးဆွဲခဲ့တဲ့ ၁၉၄၇ ခုနှစ်ကနေ စတင်ရေတွက်ရင်တောင် ကွယ်လွန်ချိန်ထိ ၄၃ နှစ်တာ ကာလအတွင်း ပန်းချီကားများ၊ စာအုပ်မျက်နှာဖုံးများ၊ သရုပ်ဖော်ပုံပေါင်း များစွာနဲ့ ကာတွန်းအချို့၊ ရုပ်ပြအချို့ အပါအဝင် အခြား သစ်လိုးဆောက်ထွင်းပန်းချီ စတဲ့ ရေးဆွဲနည်း မျိုးစုံနဲ့ ရေးဆွဲသွားတာတွေကို ရှာဖွေစုဆောင်းဖို့နဲ့ တစ်နေရာတည်းမှာ ဖော်ပြနိုင်ဖို့ ဆိုတာ အတော် ခက်ခဲတဲ့ကိစ္စ ဖြစ်ပါတယ်။ အထူးသဖြင့် မဂ္ဂဇင်းစာစောင် များစွာမှာ ရေးဆွဲသွားခဲ့တဲ့ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုဆိုင်ရာ သရုပ်ဖော်ပန်းချီများကို တစ်ချိန်တည်း စုဆောင်း ဖော်ပြနိုင်ဖို့ဆိုတာ မလွယ်ကူပါ။ အဲဒီလိုပဲ နှစ်ပေါင်း ၃၀ ကျော် တဖြည်းဖြည်း ချင်း လက်ဆင့်ကမ်း စုဆောင်းရရှိထားသလောက်ကိုလည်း စာအုပ်တစ်အုပ်တည်းမှာ ပါဝင်အောင် တစ်ပေါင်းတည်း ဖော်ပြနိုင်ဖို့ဆိုတာ စိတ်ကူးမျှသာ ဖြစ်ပြီး လက်တွေ့မှာ မဖြစ်နိုင်သလို အထူးသဖြင့် ကဗျာ သရုပ်ဖော် ပန်းချီများဟာ အလွန် များပြားလွန်းလှတာကြောင့် တစ်အုပ်တည်းမှာ ဖော်ပြနိုင်ဖို့ဆိုတာ ပိုလို့ပင် မလွယ်ကူပါ။

ယခု စာအုပ်မှာ ကွယ်လွန်ခြင်း နှစ် ၂၀ ပြည့်စာအုပ်အတွက် စုဆောင်းစဉ်က ဆရာကြီး ဗဂျီအောင်စိုး မိသားစုဆီမှာ ကျန်ရှိခဲ့တဲ့ ပန်းချီကား ဓာတ်ပုံမှတ်တမ်းတွေကို အဓိက အသုံးပြုထားပြီး ၂၀၂၃ ခုနှစ်မှာ နောက်ဆုံးအနေနဲ့ ထွက်ရှိခဲ့တဲ့ Gajah Gallery စာအုပ်မှ ပုံစာတွေကို အဓိက အကိုးအကား ပြုထားပါတယ်။ ဓာတ်ပုံမှတ်တမ်းများ ပြုခဲ့ကြတဲ့ အချိန်တုန်းက စုပေါင်းစီစဉ်ခဲ့ကြသူတွေ ဖြစ်တဲ့ ဆရာ့သားကြီး ဦးမြင့်စိုး၊ ဦးဆန်နီညိမ်းနဲ့ ဆရာဦးသန်းအုန်း(မိုးဝေမဂ္ဂဇင်းအယ်ဒီတာ)တို့ဟာ ကွယ်လွန်ခဲ့ကြပြီးဖြစ်လို့ ယခုစာအုပ် စီစဉ်ချိန်မှာ ဓာတ်ပုံမှတ်တမ်းများကလွဲလို့ မှတ်သားထားချက်တွေ၊ အခြား အချက်အလက်တွေဟာ လုံးဝ ရှာလို့ မရနိုင်တော့တာကြောင့် ပန်းချီကား အရွယ်အစား၊ အသုံးပြုရေးဆွဲထားတဲ့ ပစ္စည်းနဲ့ စုဆောင်းသူများကို အသေးစိတ် မဖော်ပြနိုင်တာကို နားလည်ခွင့်လွှတ်ပေးဖို့ကိုလည်း အထူး မေတ္တာရပ်ခံအပ်ပါတယ်။ ယခု စာအုပ်မှာ ဖော်ပြထားတဲ့ ပန်းချီကားများနဲ့ အချက်အလက်များဟာ အထက်ဖော်ပြပါ အမှတ်တရ နှစ် (၂၀) ပြည့် ထုတ်ဝေခြင်းနဲ့ Gajah Gallery စာအုပ် နှစ်အုပ်မှ အချက်အလက်တွေကို တိုက်ဆိုင်ညှိနှိုင်းကာ အခြေခံဖော်ပြထားပြီး မိသားစု စုဆောင်းမှုများကလွဲလို့ အဆင့်ဆင့် ဝယ်ယူစုဆောင်းခဲ့သူ မသိရှိနိုင်တာများကို Private collection အဖြစ် ဖော်ပြထားပါတယ်။

ဆရာ ဗဂျီအောင်စိုး ၁၀၀ ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာ့ရဲ့ လက်ရာများကို တတ်နိုင်သမျှ တစ်အုပ်တည်းမှာ မှတ်တမ်းပြု စုစည်းဖော်ပြနိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကူညီရှာဖွေ ခွင့်ပြုပေးခဲ့တဲ့ ဆရာ့မိသားစုကိုယ်စား ဆရာ့သား ကိုမောင်မောင်စိုး(ဗဂျီအိမ်)၊ ဆိုင်ရာပန်းချီပုံများကို ကူညီပံ့ပိုးခဲ့ကြသူများ၊ အထူးအားဖြင့် ဆရာ ဗဂျီအောင်စိုးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို အစဉ်တစိုက် စိတ်ဝင်တစား စုဆောင်းခဲ့တဲ့ ပညာရှင် ရင်ကာ (Yin Ker) အပါအဝင် ရှေ့သွားအချက်အလက် စုဆောင်းခဲ့သူများနဲ့ အခြားကျေးဇူးတင်ထိုက်သူ အားလုံးကို အထူး ကျေးဇူးတင်ပါတယ်။

မောင်မောင်စိုး(ဗဂျီအိမ်)
ဗဂျီလင်းဝဏ္ဏ



## Introduction

For a long time, we have been thinking of trying to publish the art book of Bagyi Aung Soe, the great modern artist of Myanmar, to make it as perfect as possible according to the section. He died in 1990, so it's been 34 years since it was published.

Before the 100th anniversary book, only one book was released on the 20th anniversary of his death, which contains some paintings and memorabilia in Myanmar. In the book published in 2023 by Gajah Gallery in Singapore, the paintings exhibited at the Center of Pompidou, It was published in English with some illustrations and a printed book. The articles written by Bagyi Aung Soe himself were collected and published in Burmese in 2023 by Text River Publishing as Bagyi Aung Soe Collection.

During the 67 years of Bagyi Aung Soe's life, even counting from 1947, when he began to paint illustrations for Taryar magazine, until his death. During the 43 years until his death, paintings, book covers with many illustrations, some comics and some cartoons; It is quite a difficult matter to find and collect the various drawing methods, including other woodcuts and carvings, and to be able to display them in one place. Especially the poetry that was drawn in many magazine publications. It is not easy to collect illustrations related to novels at the same time. In the same way, over 30 years, little by little, as much as has been collected by hand, It is just an idea to be able to include all of them in one book, but it is impossible in practice, especially since there are too many poems and illustrations, it is even more difficult to describe them in one book.

For this book, for the 20th anniversary of this death, we used the photographs of the paintings that were left by the family of Master Bagyi Aung Soe during the collection, and the last one was in 2023. The images from the Gajah Gallery book that was released are mainly referenced. At the time of the photographic records, those who organized it together, such as the U Aung Soe's son U Myint Soe, U Sonny Nyein and U Than Ohn (the editor of Moe Wai Magazine) have passed away, so the notes at the time of making this book cannot be found at all, except for photographic records, so the size of the painting, with the materials used we would also like to ask the collectors to understand and forgive us for not being able to describe it in detail. The paintings and information described in this book are based on the information from the above-mentioned 20th anniversary publication and the Gajah Gallery book. Except for family collections, those that are not known to those who bought and collected them are described as private collections.

To commemorate the 100th birthday of Bagyi Aung Soe, his son Ko Maung Maung Soe (Bagyi House) on behalf of the family of Bagyi Aung Soe, who gave permission to help search for the purpose of collecting and documenting his works in one book as much as possible. Those who helped and supported the related paintings. Especially to those who gathered information about Bagyi Aung Soe, including scholar Yin Kar, who collected information about Bagyi Aung Soe with great interest. A big thank you to all the other people who deserve thanks.

Maung Maung Soe (Bagyi House)
Bagyi Lynn Wunna